MILWAUKEE PUBLIC SCHOOLS

ESEA Elementary and Secondary Education Act

Every Student Succeeds

နေ့စွဲ - _____

ကျောင်းသား - _____

ကျောင်း -_____

ချစ်ရပါသော မိဘ/အုပ်ထိန်းသူ၊

သင့်ကလေးအတွက် ခေါင်းစဉ် IA ဝန်ဆောင်မှုကို ထောက်ခံပါသည်။ ခေါင်းစဉ် IA သည် ဗဟိုအစိုးရက ငွေကြေးထောက်ပံ့ပေးပြီး မင်လ်ဝကီး ပြည်သူပိုင် ကျောင်း (MPS) မှတစ်ဆင့် ဒေသမှ စီမံခန့်ခွဲသည့် အစီအစဉ်ဖြစ်ပါသည်။ ယင်းအစီအစဉ်သည် ဘာသာရပ်တစ်ခု သို့မဟုတ် ယင်းထက်ပိုသည့် ဘာသာရပ်များတွင် အဆင့်နိမ့်အားနည်းနေသော သင်ယူမှုလိုအပ်သည့် ကျောင်းသားများ၊ သို့မဟုတ် အဆင့်နိမ့်သွားရန် စိုးရိမ်ရသည့် ကျောင်းသားများအတွက် ရည်ရွယ်ပြီး စီစဉ်ထားခြင်းဖြစ်သည်။ ခေါင်းစဉ် IA အတွက် ထိုင်ခုံမလုံလောက် ပါက၊ ပညာရေး အလိုအပ်ဆုံးဟု ဆုံးဖြတ်ခြင်းခံရသည့် ကျောင်းသားများအတွက် ဝန်ဆောင်မှုကိုချဲ့ထွင်ပေးပါမည်။ ခေါင်းစဉ် IA ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန် MPS က နှင့်စာချုပ်ချုပ်ဆိုထားပါသည်။

ကျွန်ုပ်တို့က ဤအစီအစဉ်သည် သင့်ကလေးအတွက် အကျိုးရှိမည်ဟုယုံကြည်သော်လည်း၊ သင့်မှာလဲ မိဘအခွင့်အရေး အရ (ယခု၊ နှင့် ကျောင်းစာသင်နှစ် အတွင်း မည်သည့်အချိန်တွင်မဆို) ခေါင်းစဉ် IA ဝန်ဆောင်မှုများကို ငြင်းပယ်နိုင်ပါသည်။ ဤအစီအစဉ်နှင့် ပတ်သက်ပြီး သင့်အနေဖြင့် မေးလိုသည်များ စိုးရိမ်သည်များ ရှိပါက၊ ကျေးဇူးပြုပြီး ကျောင်းအုပ်၊ သင့်ကလေး၏ ဆရာ သို့မဟုတ် ခေါင်းစဉ် IA ဆရာကို ဆက်သွယ်ပါ။ ကလေးများ ကျောင်းတွင် အောင်မြင်မှုရရှိရန် မြှင့်တင်ပေးရာတွင် မိဘများက အရေးကြီးဆုံး ကဏ္ဍတွင် ပါဝင်သည်ဟု ခေါင်းစဉ် IA ကအသိအမှတ်ပြုပါသည်။ အစီအစဉ်က သင့်ကလေးကို ဘယ်လိုကူညီပေးနိုင်ကြောင်း ပိုမိုသိရှိရန်အတွက် ကျွန်ုပ်တို့၏ ခေါင်းစဉ် IA ဆရာထံ ဖုန်းခေါ်ခြင်းသို့မဟုတ် လာရောက်တွေ့ဆုံရန် စီစဉ်ခြင်းများပြုလုပ်ရန် သင့်ကိုအားပေးပါသည်။

ရည်ရွယ်ထားသည့် ဘာသာရပ်များတွင် ထင်ရှားသည့်ပညာရေးမြှင့်တင်ပေးမှု ရရှိစေရန် ကျောင်းသားများက ခေါင်းစဉ် IA အတန်းများတွင် စာရင်းပေးသွင်းခြင်းဖြစ်သည်။ ဤဝန်ဆောင်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ ကျောင်းသားများက တတိယအဖွဲ့ဝင် ဝန်ဆောင်မှု ထောက်ပံ့ပေးသူများ (vendor) ထံမှ အပိုဆောင်း ပညာရေး ညွှန်ကြားမှုကို ရရှိမည်ဖြစ်သည်။ ခေါင်းစဉ် IA က ဤကလေးများ၏ ပညာရေး တိုးတက်မှုကို စောင့်ကြည့် စစ်ဆေးရန် vendor ကို ခေါင်းစဉ် ၁ အတွက် ESEA ဗဟိုအစိုးရ လမ်းညွှန်ချက်များက လိုအပ်သည်။ ကျောင်းသားများ၏ အကဲဖြတ်မှု အချက်အလက်များကို အစီအစဉ်၏ ထိရောက်မှုရှိခြင်းနှင့် ညွှန်ကြားချက်များကို လမ်းပြပေးရန် အသုံးပြုသွားပါမည်။ သင်၏ ခေါင်းစဉ် IA ဝန်ဆောင်မှု ထောက်ပံ့သူများက ခေါင်းစဉ် IA မိဘများကို ကျောင်းသား၏ တိုးတက်မှု ပုံမှန် အစီရင်ခံစာများနှင့် အကဲဖြတ်မှု ရလဒ်များ နှစ်ခုစလုံးကို ပေးပို့ပါမည်။

ခေါင်းစဉ် IA လက်ကမ်းစာစောင် - မေးခွန်း/ဝေဖန်မှု/တိုင်ကြားမှု ဖောင်ပုံစံ - နှင့်၊ သင့် ခေါင်းစဉ် IA ဝန်ဆောင်မှု ထောက်ပံ့ပေးသူထံမှ သတင်း အချက်အလက်များ ကိုလည်း ကျွန်ုပ်တို့က သင့်ထံသို့ ပို့ပေးလိုက်ပါသည်။ ကျွန်ုပ်တို့၏ လက်ကမ်းစာစောင်အတွင်းတွင် MPS နှင့် ကျွန်ုပ်တို့၏ အစီအစဉ်များထဲတွင် ခေါင်းစဉ် IA ဝန်ဆောင်မှုက ထောက်ပံ့ပေးရန် ကတိပေးထားသည့် အချက် ခုနစ်ခုနှင့်

ကျွန်ုပ်တို့၏ အစီအစဉ်နှင့် အများပြည်သူအတွက် မဟုတ်သည့် ကျောင်းများ တွင်ခေါင်းစဉ် IA မိဘများက အပြန်အလှန်အဖြစ် ကတိပေး ခဲ့သည့် အချက် သုံးချက်ကို အဓိကထားဖော်ပြထားသည်။ ယင်းကတိပေးချက်များက ခေါင်းစဉ် IA နှင့် ပါဝင်သည့် မိသားစုများအကြား "တရားဝင်သဘောတူညီမှု" ကို ပြုလုပ်ပေးပါသည်။ ကျွန်ုပ်တို့ထံမှာ သင်ဘာကို မျှော်လင့်နိုင်ပါသလဲနှင့် သင့်ကလေးအတွက် ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သင့်ထံမှ ထောက်ပံ့မှုကို ကျွန်ုပ်တို့ မျှော်လင့်သည်များကို သင့်အားသိစေလိုသည့်အတွက် သင့်ကိုဤ သတင်း အချက်အလက်များ ပေးပို့ပါသည်။ သင်သည် ဤအချက်အလက်များကို ရရှိခဲ့ပြီး သင့်ကလေးအတွက် ဖော်ပြထားသော ခေါင်းစဉ် IA ဝန်ဆောင်မှုများကို သဘောတူညီကြောင်း ကျွန်ုပ်တို့ကို အသိပေးရန်အတွက် ကျေးဇူးပြု၍ ဤစာ၏ အောက်တွင် လက်မှတ်ထိုးပြီး စာကိုပြန်ပို့ပေးပါ။

ရိုးသားစွာဖြင့်၊

စီမံခန့်ခွဲသူအမည်/ ခေါင်းစဉ် ***IA*** ဆရာ (မ)

ကျေးဇူးပြု၍ ပုံနှိပ်စာလုံးဖြင့် -

ကျောင်းအမည် -
ကျွန်ုပ်ကလေး၊ _____,   တစ်ခုရွေးပါ - ☐ခေါင်းစဉ် IA အစီအစဉ် တွင် ပါဝင်ကောင်းပါဝင်ပြီး ကျွန်ုပ်ကလေး၏ အကဲဖြတ်ရလဒ်များကို MPS နှင့်မျှဝေမည်ဖြစ်ကြောင်း ကျွန်ုပ်နားလည်ပါသည်။   ☐သူ/သူမ ကျောင်းရှိ ခေါင်းစဉ် IA အစီအစဉ် တွင် မပါဝင်နိုင်ကောင်း မပါဝင်နိုင်ပါ။
မိဘ/အုပ်ထိန်းသူ လက်မှတ် - နေ့စွဲ -

©2016-17 Milwaukee Public Schools - Burmese